**ပျားမွေးမြူမှုဖွံ့ဖြိုးရေး**

၁။ ပျားမွေးမြူမှုဖွံ့ဖြိုးရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်(၁၀)ခု၊ မြို့နယ်(၃၁)မြို့နယ်၌ နိုင်ငံပိုင် ပျားအုံပေါင်း(၆,၂၀၀)အုံဖြင့် ပညာပေးလုပ်ငန်းများ၊ မျိုးဖြန့်ဖြူးရေးလုပ်ငန်း၊ သုတေသန လုပ်ငန်းများနှင့် ဝတ်မှုန်ကူးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။ ပုဂ္ဂလိက ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ပုဂ္ဂလိကပျားမွေးမြူသူဦး ရေ(၈၂၀)ဦးမှ ဥရောပ ပျားအုံ ပေါင်း(၂၀၀,၀၃၆)အုံဖြင့် မွေးမြူထုတ်လုပ်လျက်ရှိရာ ဌာန၊ပုဂ္ဂလိကပျားအုံပေါင်း(၂၀၆,၂၃၆) အုံမွေးမြူထားရှိပါသည်။

၂။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင်ပျားအုံများရွှေ့ပြောင်း၊မွေးမြူခြင်းဖြင့်သီးနှံဧကပေါင်း (၁,၀၂၈,၁၈၈) ဧကကို ဌာန၊ပုဂ္ဂလိကပျားအုံများဖြင့် ဝတ်မှုန်ကူးဝန်ဆောင်မှုကိုလည်းကောင်း၊ ပျားရည်ထုတ်လုပ်မှုပေါင်း (၃၄၆၃.၃၄)မက်ထရစ်တန်ကို ထုတ်လုပ်၍ ပြည်ပသို့ပျားရည် (၁၀၉၀.၃၅) မက်ထရစ်တန်ကို တင်ပို့နိုင်ခဲ့ပါသည်။

၃။ ထို့အပြင်ပျားဖြင့် ဝတ်မှုန်ကူးခြင်းသုတေသန၊ ပျားစာပင်သုတေသနနှင့် ပျားဘုရင်မကို သဘာဝ နည်းဖြင့်လည်းကောင်း၊ မေထုန်မဲ့သားစပ်နည်းဖြင့်လည်းကောင်း မွေးမြူထုတ်လုပ်ဖြန့်ဖြူး ပေးခြင်း၊ စီးပွားဖြစ်စိုက်ပျိုးရေး တောင်သူများသို့ပျားအုံများ ငှားရမ်းချထားပေးခြင်းဖြင့် သီးနှံ များအထွက်တိုးစေခြင်းတို့ကို ဆောင်ရွက်ခဲ့ပါသည်။

၄။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပုဂ္ဂလိကပျားမွေးမြူသူများသို့ မျိုးကောင်းမျိုးသန့် ပျားဘုရင်မ (၃,၁၀၀) ကောင် ဖြန့်ဖြူးပေးခဲ့ပါသည်။

**၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှ၂၀၂၀-၂၀၂၂ဘဏ္ဍာနှစ်အထိ**
**ပျားအုံမွေးမြူထားရှိမှု၊ပျားရည်ထုတ်လုပ်မှု၊ပြည်ပတင်ပို့မှုနှင့်ပြည်တွင်းစားသုံးမှုစာရင်း**

**ရေတွက်ပုံ- မက်ထရစ်တန်**

| စဉ် | ဘဏ္ဍာနှစ် | ပျားမွေးမြူ သူဦးရေ(ဦး) | ပျားအုံ (အုံ) | ပျားရည် ထုတ်လုပ်မှု | ပြည်ပပို့ ပျားရည် | ပြည်တွင်း စားသုံးမှု |
|---|---|---|---|---|---|---|
| ၁ | ၂၀၁၇-၁၈ | ၉၂၃ | ၁၇၁၁၃၀ | ၄၃၇၇.၈၂ | ၂၆၇၂.၀၂ | ၁၇၀၅.၈ |
| ၂ | ၂၀၁၈ Sept | ၉၂၇ | ၁၇၉၇၈၀ | ၂၀၈၅.၅၁ | ၁၁၀၀.၃၄ | ၉၈၅.၁၇ |
| ၃ | ၂၀၁၈-၁၉ | ၉၄၃ | ၁၉၅၆၄၀ | ၄၈၆၉.၅၇ | ၂၂၂၃.၈၆ | ၂၆၄၅.၇၁ |
| ၄ | ၂၀၁၉-၂၀ | ၈၆၆ | ၁၉၈၉၇၀ | ၅၁၅၉.၀၆ | ၂၃၄၅.၈၆ | ၂၈၁၃.၂ |
| ၅ | ၂၀၂၀-၂၀၂၁ | ၈၂၂ | ၂၀၀၀၃၆ | ၅၄၁၁.၃၇ | ၂၆၆၆.၄၈ | ၂၇၄၄.၈၉ |
| ၆ | ၂၀၂၁-၂၀၂၂ | ၈၂၀ | ၂၀၀၀၃၆ | ၃၄၆၃.၃၄ | ၁၀၉၀.၃၅ | ၂၃၇၂.၉၉ |